# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 10, 2019 Volume 18, Number 8


**၁၀.၄.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၀၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၃၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၈/ကျပ် |
| CBM Rate | = ၁၅၀၈.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၉ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၁.၈ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၇.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၈.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၅၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၂.၄၀ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၆၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၄၄ကျပ် |

## ဘဏ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးကဏ္ဍတွင် ကနေဒါ စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား

ဘဏ်လုပ်ငန်း၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံရန် ကနေဒါစီးပွားရေး လုပ်ငန်းရှင်များက စိတ်ဝင်စားနေကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တာဝန်ရှိသူ အချို့က ပြောသည်။

ပညာရေးကဏ္ဍတွင်လည်း နှစ်နိုင်ငံပူးပေါင်းပြီး ဆောင်ရွက်လိုသည်များ ရှိနေသည်ဟု အသင်းချုပ်ဒုတိယ ဥက္ကဋ္ဌတစ်ဦးက ပြောသည်။ ကနေဒါ ကုန်သွယ်ရေးအဖွဲ့သည် မြန်မာနိုင်ငံနှင့် စီးပွားရေး ဆက်ဆံမှုတိုးမြှင့်ရန်၊ ကုန်သွယ်မှုမြှင့်တင်ရန်တို့ကို ဆောင်ရွက်ရန် ဧပြီ ၁ ရက်က အသင်းချုပ်သို့ လာရောက်ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲ၌ ပညာရေးကဏ္ဍတွင် ကနေဒါသင်ရိုးညွှန်းတမ်းကို အခြေခံသည့် အင်္ဂလိပ်၊ ပြင်သစ်ဘာသာသင် အခြေခံကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ ကနေဒါနိုင်ငံ၌ မြန်မာကျောင်းသားများ ဗီဇာနှင့် နေထိုင်ခွင့်ကိစ္စများ ကူညီပေးရေး၊ ဘဏ်လုပ်ငန်း၊ စွမ်းအင်လုပ်ငန်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းတို့တွင်လည်း အတူပူးပေါင်း လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းဆိုင်ရာများ ဆွေးနွေးခဲ့သည်ဟု မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်က သတင်းထုတ်ပြန်သည်။

ထို့အပြင် ကနေဒါ-မြန်မာ စီးပွားရေးကောင်စီကိုလည်း လာမည့်ဇွန်လတွင် ကနေဒါနိုင်ငံ၌ ဖွဲ့စည်းရန် စီစဉ်နေသည်ကို မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကုန်သွယ်ရေးအဖွဲ့တွင် ပါဝင်သူများက ပြောကြားကြောင်း သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ကနေဒါနိုင်ငံ မပါဝင်သော်လည်း ကုန်သွယ်ရေးတွင် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်၌ အပြန်အလှန် ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၁၁၃ သန်းကျော် ရှိ သည်။

ကနေဒါနိုင်ငံမှ စားတော်ပဲ ကဲ့သို့သော ပဲများအပါအဝင် သွင်းကုန်ပမာဏ ဒေါ်လာ ၄၈ သန်း ရှိနေပြီး ပို့ကုန်ပမာဏ ၆၅ သန်းကျော် တန်ဖိုးရှိ၍ မြန်မာဘက်မှ ကုန်သွယ်ရေးပိုငွေရသည့် အခြေအနေ၌ ရှိသည်။

**Source:** http://www.7daydaily.com/story/154105


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com



## ဟသ်ာတမြို့နယ်တွင် အချိန်အခါ မဟုတ်မိုးကြောင့် နွေစပါးများ မိုးမိ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ဧပြီ ၂ ရက်မှ ၅ ရက်အထိ အချိန်အခါ မဟုတ် မိုးရွာသွန်းမှုကြောင့် ကျေးရွာအချို့မှ တောင်သူများစိုက်ပျိုးထားသည့် နွေစပါးများ မိုးမိခဲ့ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။ "ရှေ့ရက်က လေပြင်းဒဏ်ကြောင့် အိမ်တွေလည်း ပြိုကျတာတွေရှိပါတယ်။ နွေစပါးတွေကတော့ မိုးမိကုန်တာပေါ့။ ရေတင်လောက်တဲ့အထိ မိုးမိတာတော့ မဟုတ်ပေမယ့် မိုးစိုတော့ မိုးစပါးကို ကုန်သည်တွေက ဈေးနှိမ်တာတွေရှိလာမှာ စိုးရိမ်ရပါတယ်"ဟု ကျောင်းကုန်းကျေးရွာ ဒေသခံတောင်သူ ဦးကျော်ဦးက ပြောဆိုသည်။

ဟသ်ာတမြို့နယ်တွင် ဧပြီ ၂ ရက်မှ ၅ ရက် ညနေအထိ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ကျောင်းကုန်း၊ အညာကုန်းနှင့် လိပ်ခုံးစသည့် စုစုပေါင်းကျေးရွာ ငါးရွာခန့်မှ တောင်သူများ စိုက်ပျိုး ထားသည့် ရက် ၉၀ နှင့် သီးထပ်ရင်၊ နွေစပါးများ မိုးမိခဲ့သဖြင့် အပင်ပေါက်မည် ကိုစိုးရိမ်နေရပြီး ရေစိုစပါးကိုလည်း ဈေးနှိမ်မည် စိုးရိမ်နေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**အမိုးအကာအောက်**

"မိုးရွာတာ သိပ်မကြာပေမယ့် မိုးများပါတယ်။ ဒါ့ကြောင့် စိုတာလည်းများပါတယ်။ ဒီကနေ့ အချိန်အခါ မဟုတ်မိုးသတိပေးချက်က ထပ်ထုတ်ထားတော့ ပိုစိုးရိမ်ရတာပေါ့၊ ဆက်ရိတ်ဖို့တွေ ကျန်ပါသေးတယ်။ အခုလောလောဆယ်တော့ ရိတ်ပြီးသားတွေကို အမြန်ခြွေပြီး အမိုးအကာအောက်ရောက်အောင် လုပ်နေရပါတယ်"ဟု လိပ်ခုံးကျေးရွာ ဒေသခံတောင်သူဦးမင်းနိုင်က ပြောဆိုသည်။

ဟသ်ာတမြို့နယ်မှ တောင်သူများသည် မိုးစပါးနှင့်နွေစပါးကို အဓိကစိုက်ပျိုးကြပြီး ယင်းဒေသတွင် ဧပြီ ၆ ရက်မွန်းလွဲပိုင်းအထိ မိုးအုံ့နေဆဲဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**လေပြင်းကြောင့် အမိုးလန်**

ဟသ်ာတမြို့နယ်တွင် ဧပြီ ၂ ရက်က အချိန်အခါမဟုတ်မိုးရွာသွန်းကာ လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာငါးရွာခန့်တွင် လူနေအိမ် ၁၇ လုံးခန့် အမိုးလန်ပျက်စီးခဲ့ကြောင်းလည်း မြို့နယ်သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**Source:** https://myanmar.mmtimes.com/news/122170.html

## ဇီဝဖိုးငှက်သိုက် မွေးမြူရေးလုပ်ငန်းသုံး ဆက်စပ်ကိရိယာများနှင့် ဆေးဝါးများ မြိတ်မြို့တွင် စတင်ရောင်းချ



တနင်္သာရီတိုင်း ဒေသထွက် နာမည်ကြီး ဇီဝဖိုးငှက်သိုက် မွေးမြူရေးလုပ်ငန်းသုံးနှင့် ဆက်စပ်သည့် နည်းပညာသစ် စက်ကိရိယာများနှင့် ဆေးဝါးများ မြိတ်မြို့တွင် စတင်ရောင်းချပေး လျက်ရှိသည်။

မြိတ်ဒေသတွင် ဇီဝဖိုးငှက်သိုက်များကို သဘာဝနည်းဖြင့် မွေးမြူထုတ်လုပ်ရောင်းချ လျက်ရှိသည့်အပြင် အသံတုဖြင့်ပါ မွေးမြူသူများရှိကြောင်း သိရသည်။

**အလွယ်တကူဝယ်ယူရရှိ**

မြိတ်သဘာဝငှက်သိုက် ထုတ်လုပ်ရေးနှင့် ဆက်စပ်ပစ္စည်းများရောင်းချပေးနေသော My Bird`s Nest ဆိုင်မှ ကိုဟန်မင်းစိုးက "မြိတ်မှာက ငှက်သိုက်နဲ့ပတ်သက်လို့ ကျွန်းတွေမှာပဲ သဘာဝအတိုင်း ထွက်ရှိတာဖြစ်ပါတယ်။ ဒါပေမဲ့ ဆယ်စုနှစ်နှစ်ခုအကျော်အထိ မြိတ်မြို့ပေါ်က လူနေအိမ်တွေမှာ သဘာဝ နည်းမဟုတ်တဲ့ အသံတုနဲ့မြူဆွယ်ပြီး၊ ခေါ်ယူမွေးမြူရတဲ့ နည်းပညာတွေရှိသလို အခုနောက်ပိုင်း ပိုပြီးတော့ ခေတ်မီတဲ့ ဆက်စပ်ပစ္စည်းကိရိယာနဲ့ ဆေးဝါးတွေထွက်ရှိလာပါတယ်။ ဒီပစ္စည်းတွေကိုလည်း ကိုယ့်ဒေသမှာပဲ အလွယ်တကူဝယ် ယူလို့ရနေပြီ ဖြစ်ပါတယ်"ဟု ပြောဆိုသည်။ ငှက်သိုက်မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်ပြီး ဆက်စပ်ပစ္စည်းများကို ယခင်က ရန်ကုန်နှင့် ပြည်ပတို့မှ ယူ၍ ဝယ်ယူတပ်ဆင်ရကြောင်း ယင်းလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

**မလေးရှားမှတင်သွင်း**

လက်ရှိတွင် စက်ကိရိယာပစ္စည်းများ၊ ပိုးသတ်ဆေးဝါးများ၊ ဟော်မုန်းအားဆေးများ အပါဝင် အမျိုးအမည်ပေါင်း ၄၀ ကျော်ကို မလေးရှားနိုင်ငံမှ ဝယ်ယူတင်သွင်းကာ မြိတ်မြို့ထားဝယ်စုရပ်ကွက်ရှိ အရောင်းဆိုင်တွင် ဖြန့်ချိရောင်းပေးလျက်ရှိသည်။ "ငှက်သိုက်မွေးမြူရေးလုပ်ငန်းမှာ အများစုကတော့ အသံနဲ့ပဲခေါ်ပြီး မွေးမြူကြတာ များပါတယ်။ အခုနောက်ပိုင်း နည်းပညာတွေ မြင့်လာတော့ မလေးရှားနိုင်ငံက တင်သွင်းလာတဲ့ စက်ကိရိယာ အသစ်တွေ၊ ရေအေးပေးစက်တွေ၊ ပိုးသတ်ဆေးတွေနဲ့ ဟော်မုန်းအားဆေးတွေ အများကြီးထွက်လာပြီး နောက်ပိုင်းသုံးစွဲရာမှ ငှက်တွေအဝင်များလာတယ်။ ငှက်သိုက်တွေ လည်း ပိုရလာတယ်"ဟု My Bird`S Nest ဆိုင်မှ ကိုဟန်မင်းစိုးက ပြောဆိုသည်။

**လုပ်ငန်းရှင် ၂၀၀၀ ကျော်**

တနင်္သာရီတိုင်းအတွင်း မြိတ်၊ ကျွန်းစု၊ ပုလော-၊ တနင်္သာရီနှင့် ကော့သောင်းမြို့နယ် တို့တွင် သဘာဝ နည်းမဟုတ်သည့် အသံတုကိရိယာဖြင့် ငှက်မွေးမြူသူလုပ်ငန်းရှင်ပေါင်း ၂၀၀၀ကျော်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/

## သင်္ကြန်မတိုင်မီ ဆောက်လုပ်ရေးပစ္စည်း ဈေးကွက်၌ အရောင်းအဝယ်ကောင်းမွန်

ဆောက်လက်စ အဆောက်အအုံများ အပြီးသတ် ဆောက်လုပ်နေ၍ ဆောက်လုပ်ရေးပစ္စည်း ဈေးကွက်၌ အရောင်း အဝယ် ကောင်းမွန်ကြောင်း ရန်ကုန်မြို့ရှိ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေးဆိုင်များမှ သိရသည်။

သင်္ကြန်ကာလနီးကပ်လာပြီဖြစ်၍ ဆောက်လုပ်ရေး ကန်ထရိုက်တာများအနေဖြင့် ဆောက်လက်စ အဆောက်အအုံများ အပြီးသတ်နေခြင်းကြောင့် ဆောက်လုပ်ရေးပစ္စည်းများ အရောင်းသွက်နေပြီး ပစ္စည်းပြတ်ကာ ဈေးနှုန်း အနည်းငယ် မြင့်တက်နေကြောင်း သိရသည်။

"မနှစ်က ဒီအချိန်ဆိုဈေးကွက်အေးတယ်။ ဒီနှစ်ဆောက်လက်စ အဆောက်အအုံတွေကို သင်္ကြန်မတိုင်မီ အပြီး ဆောက်လုပ်နေတော့ ပစ္စည်းတွေ အရောင်းသွက်တယ်။ မနှစ်ကထက် ပိုရောင်းရတယ်"ဟု ဒေါ်ငွေဝင်းနှင့် သားများ အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေးမှ ကိုသန်းအောင်က ပြောသည်။

အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်များအနေဖြင့် ဘိလပ်မြေများကို ထိုင်းနိုင်ငံမှ တင်သွင်းရောင်းချရပြီး လက်ရှိတွင် ပစ္စည်းပြတ်ကာ ဈေးနှုန်းမြင့်တက်နေပြီး ကျန်ပစ္စည်းများမှာလည်း ဈေးနှုန်းအနည်းငယ် မြင့်နေကြောင်း သိရသည်။

"ပုံမှန်တော့ရောင်းရပါတယ်။ ဈေးနှုန်းကတော့ နည်းနည်းတက်နေတယ်။ ဘိလပ်မြေဈေးနှုန်းကလည်း တက်နေတယ်" ဟု မြန်မာ့ဖွံ့ဖြိုးအောင် ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေးမှ ဦးနေဝင်းအောင်က ပြောသည်။

ဘိလပ်မြေတစ်အိတ်လျှင် ယခင်က ငွေကျပ် ၅၈၀၀ မှ ၆၅၀၀ အထိ မြင့်တက်နေပြီး ကျောက်တစ်ကျင်းလျှင် ယခင်က ငွေကျပ် ၆၀၀၀၀ မှ ၆၈၀၀၀၊ သဲကြမ်း တစ်ကျင်းလျှင် ငွေကျပ် ၁၂၀၀၀ အထိ မြင့်တက်နေကာ ရှစ်ပေါက်အုတ်တစ်ချပ်လျှင် ငွေကျပ် ၁၁၃ ကျပ်မှ ၁၁၅ ကျပ် ပေါက်ဈေး ရှိကြောင်း သိရသည်။

**Source:** http://myawady.net.mm/index.php/business/item/42579

## ပြည်တွင်းထွက် ပြောင်းများကို တရုတ်နိုင်ငံသို့ တစ်နေ့လျှင် ကားအစီးရေ ၁၀၀ ကျော် တင်ပို့နေရ

ပြည်တွင်းမှထွက်ရှိသော ပြောင်းများကို တရုတ်နိုင်ငံသို့ တင်ပို့မှုရပ်ဆိုင်းနေသော်လည်း ထိုင်းနိုင်ငံသို့ နေ့စဉ် ကားအစီးရေ ၁၀၀ ကျော် တင်ပို့နေရကြောင်း မြန်မာနိုင်ငံ အဝေးပြေး ကုန်စည်ပို့ဆောင်ရေးအသင်း အတွင်းရေးမှူး ဦးအောင်မိုး၏ ပြောပြချက်အရ သိရသည်။ လတ်တလောတွင် တရုတ်နိုင်ငံမှ ပြောင်းအပါအဝင် ဆန်၊ ဆန်ကွဲ၊ ပဲ၊ သကြားတို့ကို ဝယ်ယူမှုမရှိသဖြင့် တင်ပို့မှု လျော့ကျနေသော်လည်း ထိုင်းနိုင်ငံသို့ တင်ပို့နေရကြောင်း သိရသည်။

"တရုတ်နိုင်ငံဘက်က အဝယ်ရပ်နေပေမယ့် မြဝတီနယ်စပ် ကုန်သွယ်ရေးစခန်းကို နယ်စုံကနေ ပြောင်းကားတွေ နေ့စဉ် ရာနဲ့ချီပြီး အဝင်ရှိတယ်။ သကြံန်ပြီးရင်တော့ ဘယ်လိုဖြစ်ဦးမလဲမသိဘူး" ဟု ဦးအောင်မိုးက ပြောသည်။ လတ်တလောတွင် မြဝတီနယ်စပ် ကုန်သွယ်ရေးစခန်း၌ ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၅၂၀ ဝန်းကျင်ဖြင့် ဝယ်ယူလျက်ရှိပြီး ပြောင်းအထွက်နှုန်း ကောင်းမွန်သည့်အပြင် ပြည်တွင်းပြည်ပ ဝယ်လိုအား နည်းပါးနေသဖြင့် ပြောင်းဈေးနှုန်းများ ယခင်နှစ်ကထက် ကျဆင်းလျက်ရှိကြောင်း ပြောင်းကုန်သည် ဦးကြည်ဝင်းကပြောသည်။

ပြောင်းကို နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့၌ စိုက်ပျိုးလျက်ရှိပြီး ရှမ်းပြည်နယ်မှ ထွက်ရှိသည့်ပြောင်းကို မူဆယ်သို့ အဓိကထား တင်ပို့လျက် ရှိသည်။

မြန်မာနိုင်ငံ၌ ပြည်တွင်းစားသုံးမှုထက် နှစ်စဉ်ပိုလျှံစွာ ပြောင်းထုတ်လုပ်နိုင်ပြီး ပြောင်းတင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နေရကာ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့သို့လည်း တင်ပို့ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ပြောင်းတင်ပို့ရာတွင် အာဆီယံ ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံသည် ဒုတိယတင်ပို့မှု အများဆုံး နိုင်ငံဖြစ်ကြောင်း သိရသည်။

**Source:** http://myawady.net.mm/index.php/business/item/42578




## အရေးယူ ပိတ်ဆို့ခြင်း၏ အကျိုးဆက် ကမ္ဘာ့ရေနံ ဈေးနှုန်းမြင့်တက်

အမေရိကန်နိုင်ငံက ရေနံအဓိကထွက်ရှိသည့် အီရန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့အပေါ် အရေးယူပိတ်ဆို့ခြင်းနှင့် ရေနံတင်ပို့သော နိုင်ငံများအဖွဲ့ (OPEC) မှ ရေနံတင်ပို့မှုကျဆင်းခြင်းကြောင့် ကမ္ဘာ့ရေနံ ဈေးနှုန်း စံချိန်တင် မြင့်တက်လာသည်။

ဧပြီ ၈ ရက်ဈေးနှုန်းများအရ နိုင်ငံတကာ စံချိန်မီ Brent ရေနံစိမ်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၆၇ ဒေါ်လာရှိပြီး ဧပြီ ၇ ရက် ဈေးနှုန်းထက် ၃၃ ဆင့် သို့မဟုတ် သုညဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာသည်။ အမေရိကန်နိုင်ငံ၏ WTI ဈေးကွက်တွင်မူ ရေနံစိမ်း တစ်စည်လျှင် ၆၃ ဒသမ ၄၁ ဒေါ်လာရှိပြီး ဈေးနှုန်း မြင့်တက်မှု အချိုးအစားမှာ Brent နှင့် အတူတူပင်ဖြစ်သည်။

ထိုဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလနောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းများ ဖြစ်လာသည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် Brent ရေနံစိမ်းဈေးနှုန်းမှာ တစ်စည်လျှင် ၇၀ ဒသမ ၇၆ ဒေါ်လာနှင့် WTI ရေနံစိမ်းဈေးနှုန်းမှာ တစ်စည်လျှင် ၆၃ ဒသမ ၄၈ ဒေါ်လာစီ အသီးသီးရှိသည်။

ထိုကဲ့သို့ရေနံစိမ်း ဈေးနှုန်းများ မြင့်တက်ရသည့်အကြောင်းရင်းမှာ OPEC အဖွဲ့က လေးလဆက်တိုက် ရေနံစိမ်း တင်ပို့မှု ကျဆင်းခြင်းနှင့် အမေရိကန်-တရုတ်ကုန်သွယ်ရေး ဆွေးနွေးပွဲအပေါ် အကောင်းမြင်လာသည့်အတွက် ရေနံစိမ်း ဝယ်လိုအားမြင့်တက်လာသောကြောင့်ဖြစ်ကြောင်း အမေရိကန်နိုင်ငံမှ ဂျေပီမော်ဂန်ဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

OPEC အဖွဲ့၏ ရေနံစိမ်း တင်ပို့မှုကျဆင်းခြင်းကြောင့် ဈေးကွက်အတွင်း ရေနံစိမ်း ဝယ်လိုအားမြင့်တက်လာပြီး Brent ရေနံစိမ်း တစ်စည်လျှင် ၇၅ ဒေါ်လာနှင့်အထက်အထိ မြင့်တက်နိုင်သည်ဟု စွမ်းအင်အကြံပေး ကုမ္ပဏီဖြစ်သည့် FGE က ပြောသည်။

အလားတူ ရေနံစိမ်းဈေးနှုန်း မြင့်တက်ရခြင်းမှာ OPEC အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အီရန်နှင့် ဗင်နီဇွဲလားနိုင်ငံ တို့ကို အမေရိကန်က အရေးယူပိတ်ဆို့မှုများ ချမှတ်ခြင်းကြောင့် ဖြစ်သည်။

ထိုသို့ အရေးယူ ပိတ်ဆို့မှုများကြောင့် ဗင်နီဇွဲလားနိုင်ငံအနေဖြင့် တစ်ရက်လျှင် ရေနံစိမ်းစည် ငါးသိန်းအထိ တင်ပို့မှု ကျဆင်းလာသည်။ အီရန်နိုင်ငံကလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

သို့သော် အချို့သော အကြောင်းအရာများကြောင့် ယခုနှစ်ကုန်ပိုင်းတွင် ရေနံစိမ်း ဈေးနှုန်းများပြန်လည် ကျဆင်းနိုင်သည်။ ရုရှားနိုင်ငံသည် လက်ရှိအချိန်တွင် ၎င်းတို့ထုတ်လုပ်နိုင်မှု ပမာဏထက် လျော့၍ OPEC သို့ တင်သွင်းနေရသည်။ ထိုသဘောတူညီချက်ကို ဇူလိုင် ၁ ရက်တွင် သက်တမ်းမတိုးပါက ရုရှားနိုင်ငံအနေဖြင့် ရေနံစိမ်း ထုတ်လုပ်မှုကို တိုးမြှင့်နိုင်သည်ဟု စွမ်းအင်ဝန်ကြီး အလက်ဇန်းဒါးနိုဗက်က ပြောထားသည်။ ပြီးခဲ့သည့်နှစ်အတွင်း ရုရှားနိုင်ငံ၏ ရေနံစိမ်း ထုတ်လုပ်မှုပမာဏမှာ တစ်ရက်လျှင် ရေနံစိမ်းစည် ၁၁ ဒသမ ၁၆ သန်းအထိ စံချိန်တင် ထုတ်လုပ်နိုင်သည်။ ပြီးခဲ့သည့် မတ်လကုန်အထိ အမေရိကန်နိုင်ငံ၏ ရေနံစိမ်း ထုတ်လုပ် နိုင်မှု ပမာဏမှာ တစ်ရက်လျှင် ရေနံစိမ်းစည် ၁၂ ဒသမ ၂ သန်းအထိရှိသည်။

ထို့ကြောင့် ယနေ့အချိန်တွင် ကမ္ဘာ့ရေနံ ဈေးမြင့်တက်ရမှုမှာ အမေရိကန်က အီရန်နှင့်ဗင်နီဇွဲလားတို့ကို အရေးယူ ပိတ်ဆို့မှုများ ချမှတ်ထားခြင်းကြောင့်ဖြစ်သည်မှာ ထင်ရှားနေသည်။

**Source:**http://myawady.net.mm/index.php/news/globalnews/item/42540

## တရုတ်နှင့် အီးယူတို့က ဝယ်ယူမှုကျဆင်းနေသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန်နှစ်သန်းခွဲခန့်သာ တင်ပို့နိုင်မည်ဟု ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ပြောကြား



တရုတ်နိုင်ငံနှင့် အီးယူနိုင်ငံတို့က ဝယ်ယူမှု ကျဆင်းနေသဖြင့် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန်နှစ်သန်းခွဲခန့်သာ တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားချက်အရ သိရသည်။

"၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကတော့ ဆန်တန်ချိန် နှစ်သန်းခွဲလောက်အထိပဲ တင်ပို့နိုင်မယ်" ဟု ဦးအောင်သန်းဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဘဏ္ဍာနှစ်ကာလကို ယခင်က ဧပြီလမှ နောက်တစ်နှစ်၏ မတ်လအကုန်အထိ သတ်မှတ် ထားသော်လည်း လက်ရှိ ၂၀၁၈ခုနှစ်မှ စတင်ပြီး အောက်တိုဘာလမှ နောက်တစ်နှစ်၏ စက်တင်ဘာလအကုန်အထိ ပြောင်းလဲသတ်မှတ်ထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ လက်ရှိဘဏ္ဍာရေးနှစ်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာ ရေးနှစ်ဖြစ်သည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှု၏ တစ်နှစ်တာကာလကို ဧပြီ ၁ ရက်မှ နောက်တစ်နှစ်၏ မတ်လ အကုန်အထိ ယခင်ကာလအတိုင်း သတ်မှတ်ထားခြင်းဖြစ်သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အဖြစ် ခေါ်ဆိုခြင်း ဖြစ်ကြောင်း သိရသည်

"ကျွန်တော်တို့ကတော့ ကောက်ပဲသီးနှံပေါ်မှာ အခြေခံတယ်။ စပါးထွက်ရှိတဲ့အချိန်နဲ့ ပဲတွက်တယ်။ အစိုးရ ဘတ်ဂျက်နှစ်နဲ့မဆိုင်ဘဲ ဧပြီ ၁ ရက်ကနေ နောက်တစ်နှစ်ရဲ့ မတ်လအကုန်အထိနဲ့ပဲ တွက်ပါတယ်" ဟု ဦးအောင်သန်းဦးက ရှင်းလင်းပြောကြားသည်။

ထို့ကြောင့် ဆန်စပါးတင်ပို့မှု ဘဏ္ဍာနှစ်ကာလဖြစ်သည့် လက်ရှိ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် မတ်လကုန်အထိ ပြည်ပသို့ဆန်နှင့် ဆန်ကွဲ စုစုပေါင်းတန်ချိန် နှစ်သန်းခွဲခန့် တင်ပို့နိုင်ရန် ခန့်မှန်းထားခြင်း ဖြစ်သည်။ ပြီးခဲ့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ခြင်းကြောင့် ပြည်ပသို့ မြန်မာ့ ဆန်တန်ချိန် ၃ ဒသမ ၆ သန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင် တင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မတ်လဆန်းအထိ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၂ သန်းကျော် တင်ပို့ထားသည်။ ဆန်တင်ပို့ရာတွင် နိုင်ငံပေါင်း ၅၀ အထိတင်ပို့ထားပြီး ဆန်ကွဲတင်ပို့မှုတွင် နိုင်ငံပေါင်း ၂၅ နိုင်ငံသို့ တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံမှဆန်ကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိက ဈေးကွက်သို့ တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိက တင်ပို့နေခြင်းဖြစ်သည်။ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံက တင်ပို့မည့် ဆန်တန်ချိန် ၅၀၀၀၀ ခန့်မှာ မူဆယ်နယ်စပ်၌ ပိတ်မိနေသည့်အတွက် အစိုးရအနေဖြင့် ယူနန်ပြည်နယ်အစိုးရ အပါအဝင် တရုတ်ဝယ်လက်များနှင့် အမြန်ဆုံး ညှိနှိုင်းပေးရန် ဆန်ကုန်သည်များက တောင်းဆိုထားသည်။

"အဓိကတော့ တရုတ်ပြည်ဘက်က ဈေးကွက်က ၄၆ ရာခိုင်နှုန်းလောက်ဖြစ်တဲ့အတွက် သူ့ဈေးကွက်က မြန်မာပြည်ရဲ့တင်ပို့တဲ့အထဲမှာ တရုတ်ဈေးကွက်က အကြီးဆုံးသူက ဝယ်လိုအားကျသွားရင် ဈေးကွက်ကို ရိုက်ခတ်မှုကတော့များတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားသည်။

ယခင်က မြန်မာနိုင်ငံမှ အီးယူသို့ ဆန်တင်ပို့ပါက ဆန်အမျိုးအစားအားလုံးကို အခွန်ကင်းလွတ်ခွင့်ပေးထားသည်။ သို့သော် အီးယူက မြန်မာနိုင်ငံမှ တင်ပို့သည့် ဆန်လုံးရှည်အမျိုးအစား (၁၆ မီလီမီတာအထက်)သည် အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အီတလီနှင့်စပိန် စသည့်နိုင်ငံများက ထွက်ရှိသည့် ဆန်အမျိုးအစားနှင့် တူညီသဖြင့် ၄င်းတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်အလို့ငှာ ယင်းဆန်လုံးရှည်များကို ဇန်နဝါ ၈ ရက်က စတင်ကာ သုံးနှစ်အထိ အခွန်ပြန်လည်ကောက်ခံသွားမည်ဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ထားသည်။

လက်ရှိတွင်လည်း အီးယူနှင့် တရုတ်နိုင်ငံတို့က မြန်မာနိုင်ငံမှ ဆန်ဝယ်ယူခြင်းမရှိဆိုသည့် သတင်းများကြောင့် အာဖရိကနှင့် အီးယူနိုင်ငံများက မြန်မာ့ဆန်ကို နိုင်ငံတကာ ဈေးနှုန်းထက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀ အထိ ဈေးနှိမ်ဝယ်ယူနေကြောင်း ဧပြီ ၁ ရက်က ရန်ကုန်မြို့ဝါးတန်းကုန်စည်ဒိုင်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားမှ သိရသည်။

"အခုဟာက အီးယူလည်း မဝယ်တော့ဘူး၊ တရုတ်လည်း မဝယ်တော့ဘူးဆိုတဲ့ သတင်းအပေါ်မှာ မြန်မာပြည်ကဝယ်ရင် ဒီထက်ဈေးသက်သာဦးမယ်။ သက်သာဦးမယ်ဆိုတဲ့ စောင့်နေကျတာ" ဟု မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားသည်။

**Source:**https://news-eleven.com/article/98313

## ကွမ်းသီးပင်၏ အကိုင်းအခက်များမှ ဖော့ဘူးနှင့်ပလတ်စတစ်ဘူးအစားထိုး ထုတ်ကုန်များ ထုတ်လုပ်မည်



မြန်မာနိုင်ငံတစ်ဝန်းရှိ ကွမ်းသီးထွက်သော ဒေသများတွင် ကွမ်းသီးပင်၏ အကိုင်းအခက်များနှင့် အလက်များမှ ဓာတုပစ္စည်းကင်းစင်သည့် ဖော့ဘူးနှင့် ပလတ်စတစ်ဘူးအစားထိုး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် နည်းပညာနှင့် စက်ပစ္စည်းများထောက်ပံ့မည်ဖြစ်ကြောင်း A Grace ဟိုက်ဒရောလစ် စက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း မန်နေဂျာကို မျိုးစန်းဦးက ပြောသည်။

၎င်းတို့ထုတ်လုပ်ထားသည့် ဟိုက်ဒရောလစ်စက်များသည် ကွမ်းသီးပင်၏အကိုင်းအခက်များနှင့် အလက်များကို အသုံးပြုကာ ပန်းကန်ပြား၊ လင်ပန်း၊ ခွက်များ၊ ဇွန်းများနှင့် ဘူးငယ်များအစရှိသည့် ပုံစံမျိုးစုံကို ဖော့ဘူးများအတိုင်း အသုံးပြုနိုင်စေရန် ထုတ်လုပ်ပေးနိုင်သည်။ ထို့အပြင် တစ်ခါသုံးမဟုတ်ဘဲ ပြန်လည်ဆေးကြောကာ အသုံးပြုနိုင်ပြီး သဘာဝပစ္စည်းများဖြစ်၍ စွန့်ပစ်ပါက ပတ်ဝန်းကျင်ကို မထိခိုက်စေသည့်အပြင် မြေဩဇာအဖြစ် ပြန်လည်ရရှိစေမည်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေက တစ်ခုကို ကျပ် ၁၀၀ လောက်ရှိတဲ့အတွက် ဖော့ဘူးထက်တော့ ဈေးနည်းနည်းပိုများတယ်။ ဒါပေမဲ့ ဆေးကြောပြီး ပြန်သုံးလို့လည်းရတယ်။ လုံးဝ ဓာတုကင်းစင်ဖြစ်တဲ့အတွက် ကျန်းမာရေးအတွက်ရော သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းမှုအတွက်ကိုပါ အများကြီး အထောက်အကူပြု စေပါတယ်" ဟု A Grace ဟိုက်ဒရောလစ် စက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း နည်းပညာတာဝန်ခံ ကိုကျော်မိုးက ပြောသည်။

၎င်းတို့အနေဖြင့် ကွမ်းသီးပင်များ အဓိကစိုက်ပျိုးရာ မတ္တရာ၊ သံတောင်မြို့နှင့် တနင်္သာရီတိုင်းရှိ ကွမ်းသီးထွက်ရှိရာခြံများ၌ စက်ပစ္စည်းများ ကိုယ်ပိုင်ဝယ်ယူကာ ထုတ်လုပ်လိုသည်ဖြစ်စေ၊ နည်းပညာနှင့် စက်ပစ္စည်းအကူအညီနှစ်ခုစလုံးရယူကာ ရရှိလာသည့်ထုတ်ကုန်များကို အကျိုးတူ ပူးပေါင်း၍ ရောင်းချလိုသည်ဖြစ်စေ ကူညီမည်ဖြစ်သည်။ A Grace ဟိုက်ဒရောလစ် စက်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းအနေဖြင့် အဆိုပါဟိုက်ဒရောလစ်စက် ပစ္စည်းများ ထုတ်လုပ်

နိုင်ရေး လွှန်ခဲ့သော ၂ နှစ်ခန့်က တည်းက စတင်ဆောင်ရွက်ပြီး ၂၀၁၉ တွင် ဈေးကွက်အတွင်း တရားဝင်ရောင်းချရန် ဆောင်ရွက်နိုင်ခဲ့ကာ စက်တစ်လုံးလျှင် ကျပ်သိန်း ၂၀ ခန့်တန်ဖိုးရှိ ကြောင်း ကိုကျော်မိုးက ပြောသည်။

**Source:**http://www.7daydaily.com/story/154060?

## STOCK EXCHANGE (10.4.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 10th Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 897 | 7,624,500 | 27,112,747 | 230,458 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,950 | 2,900 | 2,616 | 7,586,450 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,847 |
| FPB | 00004 | 20,500 | +0 | +0.00% | 20,500 | 20,500 | 20,500 | 19 | 389,500 | 2,472,053 | 50,677 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 119 | 315,350 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.41 | +0.00 | +0.00% | 366.41 | 366.41 | 366.41 | 3,651 | 15,915,800 | 5 | 500,241 |


**Index chart**




## Market Overview

As of 1:00 pm, 10th Apr. 2019

| MYANPIX | 366.41 ▲ 0.00 |
|---|---|
| Total Volume (shares) | 3,651 |
| Total Value (MMK) | 16 mil |
| Listed Company | 5 |
| Market Cap. (MMK) | 500,241 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 20,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |